# ရခိုင်ပြည်နယ်



## အထွေထွေအချက်အလက်

၁၉၉၀ ခုနှစ်အစောပိုင်းကတည်းက ရခိုင်ပြည်နယ်သည် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူများနှင့် အကြမ်းဖက်မှုဖြစ်ရပ်များစွာ ရိုက်ခတ်မှုတို့ကိုကြုံတွေ့လျက်ရှိသည်။ ယင်းတို့ထဲမှ အထင်ရှားဆုံးအဖြစ်အပျက်များမှာ ၂၀၁၂ ခုနှစ်က ရခိုင်နှင့်ရိုဟင်ဂျာလူမှုအသိုင်း အဝန်းအကြား လူမျိုးရေးပဋိပက္ခအပြင် ၂၀၁၆ ခုနှစ်တွင်စတင်ဖြစ်ပွားသည့် အေအေ (AA) နှင့် တပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခနှင့် ၂၀၁၇ ခုနှစ်တွင် ထောင်နှင့်ချီသော ရိုဟင်ဂျာ လူမျိုးများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အတင်းအကြပ်နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင် ခဲ့ရသည့် ပဋိပက္ခတို့ပင်ဖြစ်သည်။

စခန်းများ၊ ကျေးရွာများ နှင့် တိုက်ပွဲရှောင်စုရပ်များသို့ အသီးသီး တကွဲတပြားပျံ့နှံ့စွာ နေထိုင် နေကြရ၍အတိဒုက္ခရောက်ကြရသူများဖြစ်သည့် မတူညီသော တိုင်းရင်းသား မျိုးနွယ်စုဦးရေ ၇၀၈၀၀၀ ဦးထိရှိနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေသည် ရှုပ်ထွေး နေဆဲဖြစ်သည်။ အဆိုပါစာရင်းအရ အထူးသဖြင့် ရိုဟင်ဂျာလူမျိုး နွယ်စုဖြစ်သူ လူဦးရေ ၆၃၀၀၀၀ ခန့်သည် နိုင်ငံမဲ့ဖြစ်နေသူများဖြစ်ပြီး နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာ သွားလာခွင့် နှင့် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီရရှိမှုတို့အပါအဝင် အခြေခံအခွင့်အရေးများကို ဆယ်စုနှစ်များစွာ ငြင်းပယ်ခြင်းခံထားရ၍ မရေရာမသေချာသော အခြေအနေများဖြင့် ရင်ဆိုင် ကြုံတွေ့လျက်ရှိနေသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကတည်းက ထိခိုက်ခံခဲ့ရသူများဖြစ်သည့် ရခိုင်ပြည်နယ်ရှိ လူဦးရေ ၁၄၇,၀၀၀ ခန့်နှင့် ၂၀၁၇ ခုနှစ်တွင် ထိခိုက်ခဲ့သူများဖြစ်သည့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူ လူဦးရေ ၁၀,၀၀၀ ခန့်တို့ရှိခဲ့ပြီး ယင်းနှစ်ခုပေါင်း ရိုဟင်ဂျာလူမျိုး ၁၅၇,၀၀၀ ဦးတို့ သည် ယခုထိနေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်လျက်ရှိကြသည်။ ၎င်းတို့သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ်များစွာ မှီခိုနေထိုင်နေကြရဆဲ ဖြစ်သည်။ လက်ရှိတွင် အေအေ နှင့် တပ်မတော်ကြား ပဋိပက္ခကြောင့် တိုက်ပွဲရှောင်စုရပ် ၁၆၈ ခုတို့တွင် ရခိုင်လူမျိုး ၇၈၀၀၀ ဦးထက်မနည်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြရ လျက်ရှိပြီး UNHCR သည် ယင်းပဋိပက္ခမှ နေရပ်ပြန်သွားကြသူ ၃၁,၀၀၀ ဦး၏ လူမှုဖူလုံရေးဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်ပေးလျက်ရှိသည်။

UNHCR သည် ရခိုင်ပြည်နယ်သို့ ၁၉၉၄ ခုနှစ်ကတည်းကစတင်ရောက်ရှိပြီး ၎င်း၏ ဦးတည်ချက်မူဝါဒအတိုင်း နိုင်ငံမဲ့ဖြစ်သူများ၊ နေရပ်ပြန်သူများ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ (IDPs) များနှင့် အခြားထိခိုက်လွယ်အုပ်စုများအား ကာကွယ် စောင့်ရှောက်မှုပေးခြင်း၊ကူညီထောက်ပံ့ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မောင်တော၊ စစ်တွေနှင့် ဘူးသီးတောင်မြို့နယ်ရှိ UNHCR ရုံးခွဲများသည် ကူညီထောက်ပံ့ရေး လုပ်ငန်းများဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်းမှသည် အခွင့်အရေးများဆိုင်ရာ အကြံပြုဆွေးနွေး ဆောင်ရွက်မှုများအထိ အကူအညီပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။




**ရခိုင်ပြည်နယ်ရှိ UNHCR ရုံးများ**

- ၁ မောင်တောမြို့နယ်ခွဲရုံး
- ၁ စစ်တွေမြို့ ကွင်းဆင်းရုံး
- ၁ ဘူးသီးတောင် ကွင်းဆင်းရုံး

| ကာကွယ်စောင့်ရှောက်မှုကိုလိုအပ်သူစုစုပေါင်း |
|---|
| ၇၀၈,၀၀၀ |
| *၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ အထိ* |

| အေအေ - တပ်မတော်ပဋိပက္ခ ဖြစ်ပွားမှုကြောင့် IDPs ဦးရေ | နိုင်ငံမဲ့ဖြစ်နေသူများ |
|---|---|
| ၇၈၀၀၀* | ၆၃၀,၀၀၀ |
| နေရပ်ပြန်သွားကြသူ ၃၁,၀၀၀ ဦး | နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင် |

*ဤကိန်းဂဏန်းတွင် ချင်းပြည်နယ်တောင်ပိုင်းတွင် အလားတူပဋိပက္ခဖြစ်ပွားမှုကြောင့် ထိခိုက် ခံစားလျက်ရှိသူ IDPs ၉,၀၀၀ ဦးခန့်မပါဝင်ပါ။

**UNHCR မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ရုံး**
**အမှတ် (၁၁)၊ (၁၁) လွှာ၊ ကန်သာယာရုံးတာဝါ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း - ၀၁ ၉၃၇၆၁၉၅ မှ ၉၈၊ ဖက်စ် - ၀၁ ၉၃၇၆၁၉၄၊ အီးမေးလ် - myaya@unhcr.org
@UNHCR Myanmar

# အဓိကလုပ်ငန်းများ

## ကာကွယ်စောင့်ရှောက်ခြင်း

နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံမဲ့ဖြစ်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း နှင့် နိုင်ငံတကာလူ့အခွင့်အရေးများ၊ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ စံနှုန်းများအလျောက် လိုက်နာဆောင်ရွက်ခြင်းတို့သည် အဓိကဦးစားပေးဖြစ်သည်။ UNHCR သည် နိုင်ငံမဲ့ဖြစ်သူများအတွက် အခြေခံကျသော လွတ်လပ်ခွင့်များ၊ နိုင်ငံသားဖြစ်ခွင့်နှင့် အထောက် အထားစာရွက်စာတမ်းများ လျှောက်ထားရယူလက်လှမ်းမီနိုင်စေရေး တို့အတွက် အကြံပြု ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်နေရသူများအတွက်မူ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရေး၊ မိမိသဘောဆန္ဒအလျောက် လွပ်လပ်စွာ ဆုံးဖြတ်နေထိုင်နိုင်ရေးစသည့်မူများနှင့်အညီ ရေရှည်တည်တံ့သောဖြေရှင်းခြင်း နည်းလမ်းများ ကူညီစီစဉ်ဆောင်ရွက်ပေးနိုင်ရန် UNHCR မှ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။
နေရပ်စွန့်ခွာရသူများနှင့်နိုင်ငံမဲ့ဖြစ်သူများ၏ လိုအပ်ချက်များနှင့် အခက်အခဲပြဿနာ များကို သိရှိ နားလည်ရန်ဦးတည်ချက်ဖြင့် ကွင်းဆင်းလေ့လာမှုများကို ပုံမှန် လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၎င်းတို့ကိုတိုင်ပင် အသိပေးလျက် သူတို့၏လူနေမှုဘဝအပေါ် ဆုံးဖြတ်ဆောင်ရွက်သမျှတွင် ကိုယ်တိုင်ဆုံးဖြတ်သူများအဖြစ် ဗဟိုပြုပါဝင်စေကာ ပံ့ပိုးကူညီဆောင်ရွက် လျက်ရှိသည်။ မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ အတင်းအကြပ် နေရပ်ပြန်စေခြင်း သို့မဟုတ် ပြန်လည်နေရာချ ထားခြင်း၊ ငွေကြေးမသမာမှု တောင်းခံခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း နှင့် မြေမြှုပ်မိုင်းအန္တရာယ်များ အပါအဝင် သူတို့၏ လုံခြုံမှု၊ ဘေးကင်းမှုအပေါ်သက်ရောက်မည့်ဖြစ်ရပ်များကို UNHCR မှ အနီးကပ်စောင့်ကြည့်လေ့လာလျက်ရှိသည်။

UNHCR သည် ကာကွယ်စောင့်ရှောက်မှုမဲ့စွာအန္တရာယ်ကျရောက်နိုင်ခြေများ၊ စိုးရိမ်ရမှု များကို ဆန်းစစ်လေ့လာသိရှိနားလည်ပြီးလျှင် မိမိအဖွဲ့မှဦးဆောင်ဦးရွက်ပြုသည့် ကာကွယ်စောင့်ရှောက် ရေးလုပ်ငန်းများဆိုင်ရာ အုပ်စုအဖွဲ့မှတစ်ဆင့် အကြံပြု ဆွေးနွေးခြင်း အပါအဝင် ဖြေရှင်းနည်းများ ဖော်ထုတ်ရရှိလာနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်နီးကပ်စွာတိုင်ပင်ဆွေးနွေး ဆောင်ရွက်အဖြေရှာသည်။ ကာကွယ်စောင့်ရှောက်မှု လိုအပ်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှာဖွေဖော်ထုတ် ကူညီနိုင်ရန်ကြားဝင်ဆောင်ရွက်မှုများကို UNHCR မှအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် လူထုအုပ်စုများအပေါ် အကြမ်းဖက်ခြိမ်းခြောက်မှု များကို လျှော့ချပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် တရားဝင် အထောက်အထား၊ မွေးစာရင်းမှတ်ပုံတင်၊ မြေယာအိုးအိမ်ပိုင်ဆိုင်မှုများ ဆိုင်ရာ အခွင့်အရေးများစသည့် အဓိကဥပဒေရေးရာနယ်ပယ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကိုလည်း အဖွဲ့အစည်းမှတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

## အမိုးအကာအထောက်အပံ့နှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးအပ်ခြင်း

UNHCR သည် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများ နှင့် နိုင်ငံမဲ့ဖြစ်သူများကို ဘေးကင်း လုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် သင့်လျော်သောနေထိုင်မှုအခြေအနေများ ကူညီထောက်ပံ့ နိုင်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ခြင်ထောင်များ၊ မီးဖိုချောင် သုံးပစ္စည်းများ၊ ရေပုံးများ၊ အဝတ်အစားပစ္စည်းများ၊ ဆပ်ပြာတုံးများ၊ဖျာများ၊ စောင်များနှင့် ဆိုလာမီးများကဲ့သို့သော အဓိကကယ်ဆယ် ရေးပစ္စည်းများကို မြေပြင်တွင် ပုံမှန်ဖြန့်ဝေဆောင်ရွက်လျက်ရှိသည်။

UNHCR မှကူညီထောက်ပံ့ခြင်းများ၏ အဓိကကျသည့်နောက်ကဏ္ဍမှာ လုံလောက်သော အမိုးအကာရရှိရေး သေချာစေရန်ဖြစ်သည်။ အမိုးအကာပစ္စည်းများ ဖြန့်ဝေပေးအပ်ခြင်း အပြင် UNHCR သည် အထူးသဖြင့်မုတ်သုံရာသီအတွင်း ပြင်ပသဘာဝအန္တရာယ်များမှ လုံလောက်စွာကာကွယ်မှုမပေးနိုင်သော ပျက်စီးယိုယွင်းနေသည့်အမိုးအကာများအား ပြန်လည်ပြုပြင်ရန် တန်းလျားရှည်ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ခိုင်ခံ့ပြီးမိုးယိုစိမ့်မှုကင်းသော ရာသီဥတုဒဏ်ခံအမိုးအကာများသည် ဘေးကင်းလုံခြုံစေ၊ ကိုယ်တိုင်နှင့် မိသားစုအတွက် လုံလောက်စေ၊ ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်စေသည်။ ကူညီထောက်ပံ့ပေးနေရသူများ အတွက် မူလနေရာတွင် ရေရှည်တည်တံ့နိုင်သောဖြေရှင်းဆောင်ရွက်ချက်များ ရှာဖွေလုပ်ဆောင်နေစဉ်ကြားကာလအကူအညီအဖြစ် ယင်းကဲ့သို့သော ထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးလျက်ရှိသည်။

## တာရှည်ခံသည့်ဖြေရှင်းနည်းများ

နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူလူဦးရေအားလုံးအတွက် UNHCR သည် လူတစ်ဦးချင်းစီတိုင်း မူလဒေသသို့မိမိဆန္ဒအလျောက် ပြန်လည်သွားရောက်အခြေချနေထိုင်နိုင်စေရေးနှင့် ဘေးကင်း လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ ငြိမ်းချမ်းစွာရွေးချယ်ဆုံးဖြတ်နေထိုင်နိုင်စေရေးတို့အတွက် အထောက်အကူဖြစ်စေမည့် အခြေအနေများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိ သည်။ ယင်းလုပ်ဆောင်ချက်များ အကောင်ထည် ဖော်ဆောင်ရွက်ရန်ရေးရှုလျက် UNHCR သည် လူထု၏ကိုယ်တိုင်ရှင်သန် ရပ်တည်နိုင်စွမ်းကို ပံ့ပိုးတည်ဆောက်နိုင်ရေး ကူညီဆောင်ရွက်မှုများ အား မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း လုပ်ဆောင်သည်။ မြောက်ဘက်ပိုင်းမြို့နယ်များ တွင် UNHCR နှင့် UN Resident Coordinator ရုံးတို့မှ ပူးတွဲဦးဆောင်ကြီးကြပ်သည့် Maungdaw Inter-Agency Group (MIAG) အဖွဲ့မှတစ်ဆင့်လည်း ညှိနှိုင်း အားထုတ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိနေသည်။

ကျေးရွာလူထုနယ်ပယ်အသီးသီးတွင် လူမျိုးရေးပဋိပက္ခသို့ဦးတည်စေမည့် အလားအလာရှိနိုင်ဖွယ် တင်းမာမှုများ၏ သက်ရောက်မှုများကို လျော့နည်းပပျောက်စေရန်အတွက် နှစ်ဘက်ရင်းနှီးစွာ ချိတ်ဆက်ပြောဆို ခြင်းများ၊ ငြိမ်းချမ်းရေးတည်ဆောက်ဖွံ့ဖြိုးလာနိုင်စေသည့်လုပ်ငန်းများ အစရှိသည်တို့ကို UNHCR မှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် ရခိုင်၊ ရိုဟင်ဂျာ၊ ကမန် နှင့် ချင်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်လျက်ရှိသော ကျေးရွာများစုပေါင်း၍ ကော်မတီအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ နှစ်ဦးနှစ်ဖက်လုံးနှင့် ဆက်နွယ်သည့် စိန်ခေါ်မှု အသီးသီးကို မျှဝေပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် လူနေမှုဘဝနှင့် ပတ်သက်သော အခြေခံကျွမ်းကျင်မှုများ၊ ပရောဂျက်စီမံခန့်ခွဲမှုများနှင့် စွန့်ဦးတီထွင်မှုသင်တန်းများစသည်တို့အား ယင်းကော်မတီများကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်။ အသေးစားလုပ်ငန်းပြန်လည်ထူထောင်ရန် လျှောက်ထားသူတစ်ဦးချင်းစီကို ပေးအပ်သည့်အသေးစားချေးငွေထောက်ပံ့မှုအစီအစဉ်များ အပါအဝင် ကျေးရွာဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ နှင့် နှစ်ဘက်လူမှုအသိုင်းဝန်းကြား ပူးပေါင်းလှုပ်ရှားမှုအစီအစဉ်များအတွက်ပါ ငွေကြေးထောက်ပံ့မှုများ ကူညီပံ့ပိုးပေးလျက်ရှိသည်။

ထို့အပြင် UNHCR သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းကို တိုးတက်စေမည့် လူထုအခြေပြု စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် လူထုအသိုင်းအဝိုင်းအသီးသီး၏ လူမှုစီးပွားအကျိုးများ ရရှိလည်ပတ်လာနိုင်အောင် ကူညီပံ့ပိုးပေးလျက်ရှိသည်။ ယင်းစီမံကိန်းများတွင် အခြေခံအဆောက်အအုံစီမံကိန်းများဖြစ်သော လမ်းတံတားများ တည်ဆောက်ခြင်း၊ ရေတုံကင်များတူးဖော်တပ်ဆင်ပေး ခြင်း၊ ဆိုလာလမ်းမီးများတပ်ဆင်ခြင်း၊ ဈေးနှင့်ကျောင်းများ ဆောက်လုပ်ခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပို့ချခြင်းနှင့် မည်သည့်လူမျိုးအုပ်စုနောက်ခံ အကြောင်းအရင်းမှပင် ဖြစ်စေ လူမှုအသိုင်းဝန်းအားလုံးအကျိုးဖြစ်ထွန်းစေမည့် ဝင်ငွေများဖန်တီးလည်ပတ်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းများဖြစ်သည့် အသေးစားသက်မွေးဝမ်းကျောင်း စီမံကိန်းလုပ်ငန်းများ စသည်တို့ပါဝင်သည်။

## ခိုလှုံရာစခန်းများစီမံခန့်ခွဲမှုနှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေး

နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများနှင့် နိုင်ငံမဲ့ဖြစ်သူများ နေထိုင်ခိုလှုံရာစခန်းများတွင် သင့်လျော်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီနှင့် ကာကွယ်စောင့်ရှောက်မှု များ အချိန်နှင့်တစ်ပြေးညီ လက်ခံရရှိမှုသေချာစေရန် UNHCR သည် ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) ကဲ့သို့သော အခြားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တက်ကြွလှုပ်ရှားဆောင်ရွက်သူများနှင့် အတူ ပူးပေါင်း လုပ်ဆောင်လျက်ရှိသည်။

အမိုးအကာများ/ အစားအစာမဟုတ်သောပစ္စည်းများ/ ခိုလှုံရာစခန်းအတွင်းစီမံခန့်ခွဲမှုနှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ စုပေါင်းအုပ်စုအဖွဲ့ကို ဦးဆောင်လျက်ရှိသောအေဂျင်စီအနေဖြင့် UNHCR သည် စခန်းများအားလုံးအတွက် ချဉ်းကပ်ဆောင်ရွက်မှုများ၊ စံနှုန်းများကိုညှိနှိုင်း၍ စီစဉ်ရေးဆွဲခြင်းများကို ဦးဆောင်လျက်ရှိသည်။ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် သီးခြားလိုအပ်ချက်ရှိသူများအတွက် အထူးလွှဲပြောင်းပေးခြင်းများစသည့် အရေးပါသောဝန်ဆောင်မှု များကို ထိရောက်စွာစီစဉ်ပေးနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲရေးလူထုအုပ်စုများထံ သင်တန်းများ၊ နည်းပညာဆိုင်ရာအကြံပေးခြင်းများကို ထောက်ပံ့ကူညီပေးသည့် လုပ်ငန်းများကိုလည်း ကျွန်ုပ်တို့ မှ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ဖော်ဆောင်လျက်ရှိသည်။ ကျေးရွာလူထု ဦးဆောင်သူများအားလည်း သူတို့၏ဘဝများအပေါ် သက်ရောက်မှုရှိသည့် ကိစ္စရပ်များအပေါ် သူတို့ကိုယ်တိုင်ပြောဆိုပါဝင်လာနိုင်စေရန်အတွက် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ပါဝင်လာစေခြင်း၊ လုပ်ကိုင်ဆောင်ရွက်မှုစွမ်းရည်များလည်း တိုးတက်လာစေအောင်ပံ့ပိုးပေးသည်။

## အလှူရှင်များ

Australian Aid; Belgium partner in development; Canada; European Union Civil Protection and Humanitarian Aid; german humanitarian assistance DEUTSCHE HUMANITÄRE HILFE; Irish Aid Rialtas na hÉireann Government of Ireland; From the People of Japan; Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC; UKaid from the British people; United Nations CERF

ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနာခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်ခြင်းအစရှိသည့် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သော နိုင်ငံရေးနှင့် ဆက်စပ်ပတ်သက်ခြင်း မရှိသည့်လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်သပ်သပ်ဖြစ်ပါသည်။